**နိဒါန်း**

၁။ အကောက်ခွန်ဦးစီးဌာနသည် တင်သွင်း/တင်ပို့သော ပစ္စည်းများအား ဥပဒေနှင့်အညီ အခွန်များ စည်းကြပ်ကောက်ခံခြင်း၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ ညီညွတ်မှု ရှိ/မရှိ စိစစ်ကြပ်မတ်ခြင်း၊ တရားမဝင် ခိုးဝင်/ခိုးထွက်မှုများအား စုံစမ်းဖော်ထုတ် တားဆီး၊ ဖမ်းဆီးအရေးယူခြင်း၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ခေတ်မီစေရေးဆောင်ရွက်ခြင်း၊ ဥပဒေစိုးမိုး ဆောင်ရွက်ဆောင်နေသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူပေါင်းဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများ လုံခြုံချောမွေ့စေရေး၊ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးနှင့် နိုင်ငံတော်၏ စီးပွားရေး တိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါသည်။

**ဖမ်းဆီးရမိသောမှုခင်းများ**

၂။ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ ဖြစ်ပွားသောမှုခင်းများမှာ တင်သွင်း/ တင်ပို့ပစ္စည်းများအား တရားဝင်အခွန်ပေးဆောင်ထားသည်ထက်ပိုမိုပါရှိလာခြင်း၊ ကွဲလွဲစွာ တင်ဆောင်လာခြင်း၊ တရားမဝင်အကောက်ခွန်မဲ့ကုန်ပစ္စည်းများအား မှောင်ခိုကွင်းလမ်းများမှ အခွန်တိမ်းရှောင်လိုသောကြံရွယ်ချက်ဖြင့် သယ်ဆောင်မှုများအား တားဆီး၊ဖမ်းဆီးအရေးယူခဲ့ပြီး နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သောစာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ၂၀၂၁ ခုနှစ် | နိုင်ငံဘဏ္ဍာ သိမ်းဆည်းခဲ့သော အမှုများ | ခန့်မှန်းတန်ဖိုး (ကျပ်သန်းပေါင်း) | ၂၀၂၂ ခုနှစ် | နိုင်ငံဘဏ္ဍာသိမ်း ဆည်းခဲ့သော အမှုများ | ခန့်မှန်းတန်ဖိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|---|
| ဇန်နဝါရီလ | ၆၉ မှု | ၁၀၁၆.၃၆၃ | ဇန်နဝါရီလ | ၁၅၁ မှု | ၄၃၆၃.၈၆၀ |
| ဖေဖော်ဝါရီလ | ၂၃ မှု | ၂၈၈.၂၉၇ | ဖေဖော်ဝါရီလ | ၁၀၂ မှု | ၁၆၅၀.၀၂၂ |
| မတ်လ | ၆၁ မှု | ၄၆၂.၃၉၇ | မတ်လ | ၁၄၅ မှု | ၂၆၀၆.၂၅၄ |
| ဧပြီလ | ၁၂၁ မှု | ၁၁၅၀.၈၅၄ | ဧပြီလ | ၁၄၉ မှု | ၃၃၁၇.၄၇၅ |
| မေလ | ၁၂၃ မှု | ၁၅၉၆.၁၁၄ | မေလ | ၁၆၁ မှု | ၃၁၉၉.၆၇၇ |
| ဇွန်လ | ၄၈ မှု | ၆၁၃.၄၄၄ | ဇွန်လ | ၁၇၈ မှု | ၂၀၁၁.၉၀၁ |
| ဇူလိုင်လ | ၅၂ မှု | ၆၂၄.၄၉၃ | ဇူလိုင်လ | ၂၄၄ မှု | ၅၂၈၇.၈၁၃ |
| ဩဂုတ်လ | ၆၄ မှု | ၁၃၁၄.၉၃၆ | ဩဂုတ်လ | ၃၀၄ မှု | ၆၃၃၁.၅၀၁ |

| | | | | | |
|---|---|---|---|---|---|
| စက်တင်ဘာလ | ၄၃ မှု | ၄၄၉.၄၆၉ | စက်တင်ဘာလ | ၂၆၄ မှု | ၆၃၄၃.၃၈၄ |
| အောက်တိုဘာလ | ၆၈ မှု | ၁၆၄၃.၇၈၂ | အောက်တိုဘာလ | ၂၀၅ မှု | ၃၅၈၂.၄၅၄ |
| **၂၀၂၁ ခုနှစ်** | **နိုင်ငံဘဏ္ဍာ သိမ်းဆည်းခဲ့သော အမှုများ** | **ခန့်မှန်းတန်ဖိုး (ကျပ်သန်းပေါင်း)** | **၂၀၂၂ ခုနှစ်** | **နိုင်ငံဘဏ္ဍာ သိမ်းဆည်းခဲ့သော အမှုများ** | **ခန့်မှန်းတန်ဖိုး (ကျပ်သန်းပေါင်း)** |
| နိုဝင်ဘာလ | ၆၇ မှု | ၅၇၉.၇၁၁ | နိုဝင်ဘာလ | _ | _ |
| ဒီဇင်ဘာလ | ၇၀ မှု | ၃၃၂၅.၇၁၆ | ဒီဇင်ဘာလ | _ | _ |
| **စုစုပေါင်း** | **၈၀၉ မှု** | **၁၃၀၆၅.၅၇၆** | **စုစုပေါင်း** | **၁၉၀၄ မှု** | **၃၈၆၉၄.၃၄၁** |

**ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ သိမ်းဆည်းရမိသည့်ပစ္စည်းများ**

၃။ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ ဖြစ်ပွားခဲ့သောမှုခင်းများနှင့် ပတ်သက်၍ တရားဝင်အခွန်ပေးသွင်းထားသော တင်သွင်း/တင်ပို့ပစ္စည်းများကို စစ်ဆေး၍ အပိုပါရှိမှု၊ ကွဲလွဲပါရှိမှုများ (သို့မဟုတ်) တရားမဝင်မှောင်ခို ခိုးသွင်း/ခိုးထုတ်မှုများအား Inventory of Goods (Preventive 70) တွင် တားဆီး၊ဖမ်းဆီးစာရင်း၊ ခန့်မှန်းတန်ဖိုးစာရင်းရေးသွင်းခြင်း၊ ပိုင်ရှင်နှင့် အမှုတွဲဖွင့်သူမှ လက်မှတ်ရေးထိုးခြင်း၊ မှုခင်းဆိုင်ရာထွက်ဆိုချက်၊ ထုချေလွှာတင်ရန် အကြောင်းကြားခြင်း၊ ဖမ်းဆီးမှုအစီရင်ခံစာများရေးသားပြီး အမှုတွဲဖွင့်လှစ်သူ အကောက်ခွန်အရာရှိမှ ပိုင်ရှင် (သို့မဟုတ်) ပိုင်ရှင်မှ ကိုယ်စားလှယ်လွှဲအပ်ခံထားရသူအား Inventory of Goods (Preventive 70) မူရင်းအမှုတွဲများအပေါ် လက်မှတ်ရေးထိုးပြီးလျှင် ၎င်းမူရင်းနှင့်ထုချေလွှာမူရင်းတို့ကို လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးအပ်ခြင်းကို ဆောင်ရွက်ပါသည်။ ထို့နောက် တရားဝင်တင်ပို့ပစ္စည်းများထက်ပိုမိုပါရှိခြင်း၊ ကွဲလွဲခြင်း (သို့မဟုတ်) တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ တားဆီး၊ဖမ်းဆီးခဲ့သောအမှုများကို ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်း၊ သိမ်းဆည်းရမိခဲ့သောပစ္စည်းများအား ရွေးယူဒဏ်ငွေဖြင့် ရွေးယူခြင်းမရှိဘဲ ပိုင်ရှင်စွန့်လွှတ်ပစ္စည်းများ (သို့မဟုတ်) ကန့်သတ်ပိတ်ပင်ပစ္စည်းများအား လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းခြင်း၊ အများပြည်သူစားသုံးရန်မသင့်သည့် ပစ္စည်းများအားဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ သယ်ဆောင်လာသောနည်းလမ်းများ**

၄။ တရားဝင်အကောက်ခွန်ပေးဆောင်ထားသော ပစ္စည်းများသယ်ဆောင်ရာတွင် သမရိုးကျနည်းလမ်းထက် သို့ဝှက်သယ်ဆောင်၍ဖြစ်စေ၊ ကွင်းလမ်းမှသယ်ဆောင်၍ဖြစ်စေ၊ အခြားသော နည်းဖြင့်ဖြစ်စေ သယ်ဆောင်လာသည်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်–

**Case Study 1:** ၂၁–၁၂–၂၀၂၁ ရက်နေ့တွင် MITT (သီလဝါ) ဆိပ်ကမ်း၌ Myanmar Longray Co.Ltd မှ ID No.100191173500 (15.12.2021) တွင် ဖော်ပြကြေညာထားခြင်းမရှိသော Foam Slipper (1044 Pair)+(62Item) ခန့်မှန်းတန်ဖိုး(၁၃၈,၆၈၅,၀၀၀/–)(ကျပ်တစ်ထောင့်သုံးရာရှစ်ဆယ့် ခြောက်သိန်း ရှစ်သောင်းငါးထောင်တိတိ) ခန့်အား စစ်ဆေးတွေ့ရှိသဖြင့် အမှုတွဲအမှတ်၊ ၁–ရာ/(သီလဝါ)/၂၀၂၁ (၇) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။

**Case Study 2:** ၂၉–၁၂–၂၀၂၁ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Myanmar Longray Co.Ltd မှ ID No. 100192145540 ဖြင့် ကြေညာတင်သွင်းလာသော Motorcycle Spare Part များအား ဖွင့်ဖောက်စစ်ဆေးရာ ID တွင် ကြေညာထားသည်နှင့်ကွဲလွဲ၍တင်သွင်းလာသည့် ကုန်ပစ္စည်း(၄)မျိုး ခန့်မှန်းတန်ဖိုး(၁၀၅,၂၁၅,၀၀၀/–)(ကျပ်တစ်ထာင့်ငါးဆယ့်နှစ်သိန်းတစ်သောင်းငါးထောင်တိတိ)ခန့်အား စစ်ဆေးတွေ့ရှိသဖြင့် အမှုတွဲအမှတ်၊ ၁–ရာ/AWPT/၂၀၂၁(၂၂)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။

**Case Study 3:** ၁၂–၁–၂၀၂၂ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Myanmar Longray Co.Ltd မှ ID No. 100192959420 (30.12.2021)တွင် ကြေညာထားခြင်းမရှိသော Motorcycle S/P Item(၁၃)မျိုး ခန့်မှန်းတန်ဖိုး (၁၀၄,၇၅၀,၀၀၀/–) (ကျပ်တစ်ထောင့်လေးဆယ့်ခုနှစ်သိန်းငါးသောင်းတိတိ) ခန့်အားစစ်ဆေးတွေ့ရှိသဖြင့် အမှုတွဲအမှတ် ၁–ရာ/ကသတ(MIP)/၂၀၂၂(၂)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။

**Case Study 4:** ၁၁–၃–၂၀၂၂ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Myanmar Longray Co. Ltd မှ တင်သွင်းလာသော ကုန်သေတ္တာအား စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ suspect ကုန်သေတ္တာအဖြစ် သတ်မှတ်ခဲ့ပြီး Selectivity–2 ကုန်သေတ္တာအား (၉–၂–၂၀၂၂) ရက်နေ့တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ID No. 100195116120 တွင်ကြေညာထားခြင်းမရှိသော ဆောက်လုပ်ရေးပစ္စည်း(၂၂)မျိုး ခန့်မှန်းတန်ဖိုး(၁၇၇,၄၉၃,၃၀၀/–) (ကျပ်တစ်ထောင့်ခုနှစ်ရာခုနှစ်ဆယ့် လေးသိန်းကိုးသောင်း သုံးထောင့်သုံးရာတိတိ)ခန့်အား စစ်ဆေးတွေ့ရှိ၍ အမှုတွဲအမှတ် ၁–ထလ/ ၂၀၂၂(၀၀၄) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။

**Case Study 5:** ၂၅–၃–၂၀၂၂ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Myanmar Longray Co.Ltd မှ ID No. 100197941431 (21.3.2022) ကုန်သေတ္တာအမှတ် SEGU 3464719(1X20') ၌ Item(1) သည် မျက်မြင်စစ်ဆေးရာတွင် ပါရှိလာခြင်းမရှိဘဲ Item(2)သည် ID တွင် ကြေညာထားသည်ထက် 2100 Kg ပိုမိုပါရှိခဲ့ပါသည်။ ID တွင် ကြေညာထားခြင်းမရှိပဲ အပိုပါရှိလာသော Centrifugal Water Pump

များနှင့် Three Phase Motor များဖြစ်ပြီး ID တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော PVC Pipe (2") (2100Kg) ခန့်မှန်းတန်ဖိုး(၁၃၃,၆၀၀,၀၀၀/-) (ကျပ်တစ်ထောင့်သုံးရာသုံးဆယ့် ခြောက်သိန်းတိတိ) ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် အမှုတွဲအမှတ် ၁-ရာ/ကသတ(MIP)/၂၀၂၂(၂၉)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။

**Case Study 6:** အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်ဥပဒေနှင့်အညီ ပြည်တွင်း/ပြည်ပသို့ တင်သွင်း/တင်ပို့ဆောင်ရွက်နေကြသော ကုမ္ပဏီများအနက် Myanmar Longray Co.,Ltd မှ ၉-၄-၂၀၂၂ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ ၎င်းကုမ္ပဏီကိုယ်စား အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်ဦးရာဘွေလျှံဘိ၊ မှတ်ပုံတင်အမှတ်- ၁၂/ရကန(နိုင်)၀၁၄၇၂၇၊ ဖုန်းနံပါတ်-၀၉၅၀၀၇၂၆၆ မှ ရှင်းလင်းထုတ်ယူရာတွင် သွင်းကုန်ကြေညာလွှာအမှတ် ID No.100201950811(4-4-2022) တွင်ကြေညာထားခြင်းမရှိသော Wireless Phone အပါအဝင် Item(108)မျိုး၊ (C/O - China) ၊ ခန့်မှန်းတန်ဖိုးကျပ်(၅၂၉,၃၅၉,၅၀၀/-) (ကျပ်ငါးထောင့်နှစ်ရာကိုးဆယ့်သုံးသိန်းငါးသောင်းကိုးထောင့်ငါးရာတိတိ)ခန့်အား အမှုတွဲအမှတ် ၁-ရာ/ကသတ(MIP)/၂၀၂၂(၄၇)ဖြင့်လည်းကောင်း၊ ID တွင်ကြေညာထားခြင်းမရှိသော Thera Lady(24K Pure Gold)(100ML)အပါအဝင် Item(9)မျိုး၊ (C/O-Austria)၊ ခန့်မှန်းတန်ဖိုးကျပ် (၄၂,၇၂၈,၀၀၀/-) (ကျပ်လေးရာနှစ်ဆယ့်ခုနှစ်သိန်းနှစ်သောင်းရှစ်ထောင်တိတိ)ခန့်အား အမှုတွဲအမှတ်၊ ၁-ရာ/ကသတ(MIP)/၂၀၂၂(၄၇-က) ဖြင့်လည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၅၇၂,၀၈၇,၅၀၀/-) (ကျပ်ငါးထောင့်ခုနှစ်ရာနှစ်ဆယ့်ရှစ်သောင်းခုနှစ်ထောင့်ငါးရာတိတိ) ခန့်အား စစ်ဆေးတွေ့ရှိရသဖြင့် အမှုတွဲဖွင့်လှစ်ပြီး တားဆီးခဲ့ပါသည်။

**Case Study 7:** အကောက်ခွန်ဦးစီးဌာနအနေဖြင့်၂၄-၅- ၂၀၂၂ ရက်နေ့ (၁၂:၀၀)နာရီ အချိန်ခန့်တွင် နောင်ချိုမှမန္တလေးသို့ ယာဉ်မောင်း ဦးသီဟအောင် မောင်းနှင်လာသည့် HINO (၆)ဘီး အမျိုးအစား၊ ယာဉ်အမှတ်၊ 3N/2613 ယာဉ်သည် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ကုန်မဲ့ဖြင့် ဖြတ်သန်း စဉ် မော်တော်ယာဉ်အား စစ်ဆေးရေးစခန်း တာဝန်ကျ ကပ-၂၅၇၂၊ ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်-၁၊ ကပ-၈၀၀၂၊ ဒု-လ/ထ အကောက်ခွန်မှူး ဦးတင်အေး-၁၀ နှင့် တာဝန်ကျမှူးယစ်အဖွဲ့တို့မှ မသင်္ကာ၍ ယာဉ်အားဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကြမ်းခင်းအောက်အံဝှက်အတွင်းမှ အမဲရောင်အိတ်များဖြင့် ထုပ်ပိုးထားသည့် ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါရောင်အမှုန့် (၁၀)ဂရမ်စီပါ ဆပ်ပြာခွက်(၃၃၀၀) ခွက်၊ အလေးချိန်(၃၃)ကီလိုဂရမ်ခန့်၊ ခန့်မှန်းတန်ဖိုးကျပ် ဒေသပေါက်ဈေး (၁)ကီလိုဂရမ်လျှင် ကျပ်(၂၅,၀၀၀,၀၀၀/-နှုန်းဖြင့်) (၈၂၅,၀၀၀,၀၀၀/-)(ကျပ်သိန်းရှစ်ထောင်နှစ်ရာငါးဆယ်သိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ/၂၀၂၂(၁၉)ဖြင့်လည်းကောင်း၊ မောင်းတုံးအမှတ်-MK 7321၊ ကိုယ်ထည်အမှတ်- 17147141 ပါ M22 အမျိုးအစား သေနတ်အရှည်(၁)လက်၊ မောင်းတုံးအမှတ်-61137၊ ကိုယ်ထည်အမှတ်-17161154 ပါ M22 အမျိုးအစားသေနတ်အရှည်(၁)လက်၊ ကျည်တောင့် (၁၀၀)တောင့်၊ ကျည်ဘောက် (၂)ခု တို့အား ခန့်မှန်းတန်ဖိုး**(မသတ်မှတ်ပေးပါ)** အမှုတွဲအမှတ်၊ ၁၁-မလ/ ၂၀၂၂ (၁၉-က) ဖြင့် အမှုတွဲ ဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ပြီး ကွင်းဆက်တရားခံများ အား ဆက်လက်ဖမ်းဆီးနိုင်ရေးအတွက် မန္တလေးမူးယစ်အထူးတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

**Case Study 8:** အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၁၇-၇-၂၀၂၂ ရက်နေ့ (၀၇:၂၀)နာရီအချိန်ခန့်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ (ယာဉ်ငယ်) စစ်ဆေးရေးနေရာတွင် တာဝန်ကျပူးပေါင်းအဖွဲ့ များဖြင့် လားရှိုးမြို့မှမူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ် (MDY/9K-2724) (Crown) အား စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်း(ထိုင်ခုံနောက်ကျော)တွင် အံဝှက်ပြုလုပ်၍သိုဝှက်သယ်ဆောင် လာသည့် ဘိန်းဖြူတုံး(၁၁၆တုံး)၊ အလေးချိန်(၄၁.၆၄၄) ကီလိုဂရမ်ခန့် (၁ ကီလိုလျှင် ကျပ်သိန်း ၁၅၀ ခန့်နှုန်း) ခန့်မှန်းတန်ဖိုးကျပ် (၆၂၄,၆၆၀,၀၀၀) (ကျပ်သိန်းခြောက်ထောင့်နှစ်ရာလေးဆယ့် ခြောက်သိန်းခြောက်သောင်းတိတိ)ခန့်အား အမှုတွဲအမှတ်၊ ၁၁-လရ(ရပ)/၂၀၂၂(၀၂၉)ဖြင့် အမှုတွဲ ဖွင့်လှစ်၍တားဆီးခဲ့ပြီး ကွင်းဆက်တရားခံများအား ဆက်လက်ဖမ်းဆီးနိုင်ရေးအတွက် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျမူးယစ်တပ်ဖွဲ့သို့လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

**Case Study 9:** အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၂-၉-၂၀၂၂ ရက်နေ့တွင် လေဆိပ်ကုန်လှောင်ရုံ၌ တရုတ်နိုင်ငံ၊ ကူမင်းမြို့မှ မြန်မာနိုင်ငံသို့ ID No.100218044400 (2.9.2022)၊ AWB No. 59901077 193 ၊ Bright Future Agency မှ တင်သွင်းလာသော ကုန်ပစ္စည်း(၆)မျိုးအားစစ်ဆေးရာ ID တွင် ကြေညာထားသည့် ပစ္စည်းအမျိုးအမည်များနှင့်ကိုက်ညီခြင်းမရှိဘဲ လွဲမှားတင်သွင်းလာသည့် Car Spare Parts၊ Phone Display အပါအဝင် Item (၁၀) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၄၇၃,၇၇၅,၀၀၀/-) (ကျပ်လေးထောင်ခုနစ်ရာသုံးဆယ့်ခုနစ်သိန်းခုနစ်သောင်းငါးထောင်တိတိ) အား အမှုတွဲအမှတ်၊ ၁-ရာ(ကလရ)/၂၀၂၂(၂၅) ဖြင့် ၆-၉-၂၀၂၂ ရက်နေ့တွင် အမှုတွဲဖွင့်လှစ်တားဆီးခဲ့ပါသည်။

**Case Study 10:** အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၃-၉-၂၀၂၂ ရက်နေ့ (၀၉:၀၀) နာရီအချိန် ခန့်တွင် သိန္နီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းအဝင် ခမ(အယ်လ်အက်ဖ်-၈၇၂၆၈၃)နေရာ တွင် လားရှိုးမှ သိန္နီမြို့ဘက်သို့ သက်ာမကင်းသဖွယ် ယာဉ်အမှတ် (1F/6621)၊ ယာဉ်အမျိုးအစား (SUZUKI SWIFT)၊ အရောင် (မိုးပြာရောင်) လိုင်စင်မဲ့ယာဉ်(၁)စီး ရပ်တန့်ထားသဖြင့် အကောက်ခွန် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်ထွန်း-၃ ဦးစီး၍ တပ်မတော်လုံခြုံရေးတပ်ဖွဲ့၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့၊ ပိန်းဆာပြည်သူ့စစ်အဖွဲ့များပါဝင် သောပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ပြီး အဆိုပါမော်တော်ယာဉ်အား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း(တာဝန်ခံ)ရုံးသို့ခေါ်ယူကာ ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ရှာဖွေစစ်ဆေးခဲ့ရာ၌ ယာဉ်၏အရှေ့ခရီးသည်ဘက်ခြမ်းရှိ Dash-Board အောက်အံဝှက်အတွင်းနှင့် ယာဉ်မောင်းနှင့် ဘေးထိုင်ခုံကြားရှိ Hand Break အထိုင်အောက် အံဝှက်အတွင်း၌သိုဝှက်၍ သယ်ဆောင်လာသော လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ပါသည်။ ဖမ်းဆီးရမိသော လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများမှာ SIG SAUER P 320 SP 9 MM (၁)လက်၊ BERTTA PH 57849 MM (၁) လက်၊ GLOCK FIRE ARMS 9 MM (၅) လက်၊ SIG SAUER P 3659 MM (၁) လက်၊ CZ457 ပွိုင့် ၂၂ (၁) လက်၊ CA455 ပွိုင့် ၂၂ (၁) လက်၊ RUGER USA ပွိုင့် ၂၂ (၁) လက်၊ 9MM

ကျည် (၅၃၀၀)တောင့်၊ ပွိုင့် ၂၂ ကျည်(၃၈)တောင့်၊ SILENCER GLOCK (အသံတိတ်ပြောင်း)(၅)ခု၊ ကျည်အိမ်(၂၀)ခု၊ ပွိုင့် ၂၂ RUGER သေနတ်ထည့်အိတ်(၁)အိတ်တို့ဖြစ်ပြီး ခန့်မှန်းတန်ဖိုး (မခန့်မှန်းနိုင်)အား အမှုတွဲအမှတ်၊၁၁–လရ(ရပ)/၂၀၂၂(၀၃၈)(၃–၉–၂၀၂၂)ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပြီး ကွင်းဆက်တရားခံများအား ဆက်လက်ဖမ်းဆီးနိုင်ရေးအတွက် နယ်မြေခံတပ်မဟာ(၁၆)သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

**Case Study 11:** အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၉–၉–၂၀၂၂ ရက်နေ့ နံနက်(၀၉:၁၅)နာရီ အချိန်ခန့်တွင် သိန္နီမြို့နယ်၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း မန္တလေး–လားရှိုး–မူဆယ်အတက် (ယာဉ်ငယ်)စစ်ဆေးရေးဂိတ်တွင် အကောက်ခွန်ဦးစီးဌာန၊ ယာဉ်ငယ်စစ်ဆေးရေးတာဝန်ကျအဖွဲ့ သည် လားရှိုးမြို့ဘက်မှမောင်းနှင်လာသည့် ယာဉ်အမှတ်(SHN9E–8523) ယာဉ်အမျိုးအစား (Toyota Mark II Sloon )အရောင်၊ (အဖြူရောင်)ယာဉ်အား စစ်ဆေးရာတွင် ယာဉ်၏နောက်ခန်း အတွင်း သိုဝှက်သယ်ဆောင်လာသည့်လက်နက်/ခဲယမ်းများ စစ်ဆေးတွေ့ရှိရဖြင့် အသေးစိတ် ရှာဖွေရန်အတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း(တာဝန်ခံ)ရုံးသို့ ယူဆောင်လာခဲ့ပြီး ဒုတိယ ညွှန်ကြားရေးမှူး ဦးသန့်ဇင်ထွန်း–၃ ဦးစီး၊ အကောက်ခွန်ဦးစီးဌာန၊ တပ်မတော်လုံခြုံရေးတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စရဖ(ရမခ)အဖွဲ့၊ မူးယစ်တပ်ဖွဲ့၊ ပိန်းဆာပြည်သူ့စစ်တပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ပါသည်။ အသေးစိတ်ရှာဖွေစစ်ဆေးခဲ့ရာ (.22 Long Barrel Made in Czeeh) (10A739 326) (၁) လက်၊ (.22 LR Ruger Model 10122 Made in USA) (355–53982)(၁)လက်၊(.22 Remington Model 597 Made in Canada) (B2910335M) (၁)လက်၊ (.22 Short Barrel Local)(Not Nil)(၁)လက်၊ (.38 Smith & Wesson Made in USA (Not Nil) (၁)လက်၊ (.22 ကျည်အိမ် ၅ တောင့်ဝင်(၁)ခု၊ (.22 ကျည်အိမ် ၁၀ တောင့်ဝင်(၁)ခု၊ (.22 ကျည်အိမ် ၂၅ တောင့်ဝင် (၁)ခု၊ (.22 အကျည်အိမ် ၅၀ တောင့်ဝင်)(၁)ခု၊ (9 MM ကျည်)(၅၀) တောင့်၊ (.22 ကျည်) (၁၇) တောင့်၊(.38ကျည်) (၁၉)တောင့်၊ ခန့်မှန်းတန်ဖိုး(မခန့်မှန်းနိုင်) အား အမှုတွဲအမှတ်၊ ၁၁–လရ(ရပ)/၂၀၂၂(၀၃၉) ဖြင့်လည်းကောင်း အခင်းဖြစ်ပစ္စည်းသယ်ဆောင်လာသော မော်တော်ယာဉ် ယာဉ်အမှတ် (SHN9E–8523 ) (Toyota Mark II SLoon) ခန့်မှန်းတန်ဖိုးကျပ် (၅၀၀၀၀၀၀/–) (ကျပ်သိန်းငါးဆယ်တိတိ)ခန့်အား အမှု တွဲအမှတ်၊ ၁၁–လရ(ရပ)/၂၀၂၂ (၀၃၉–က)ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ်ခဲ့ပြီး ကွင်းဆက် တရားခံများ ဆက်လက်ဖမ်းဆီးရမိရေး အတွက် နယ်မြေခံအမှတ်(၁၆)၊ ခြေလျင်တပ်မဟာသို့ ၉–၉–၂၀၂၂ ရက်နေ့တွင် စနစ်တကျ လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။

**Case Study 12:** အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၂၉–၉–၂၀၂၂ ရက်နေ့တွင် ထီးတန်းဆိပ်ကမ်း ၌ Xing Li International Trading Co.,Ltd မှ ID No. 100220183930 (24.9.2022)ဖြင့် တင်သွင်း လာသည့် Tractor Spare Parts များအား စစ်ဆေးခဲ့ရာ ID တွင် ကြေညာထားခြင်းမရှိသည့် Break Pad–အကြီး (7160 Pcs ) အပါအဝင် Car Spare Parts (၁၁)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ်(၇၁၅,၀၃၀,

၀၀၀/-) (ကျပ်ခုနှစ်ထောင့်တစ်ရာ့ငါးဆယ်သိန်းသုံးသောင်းတိတိ)ခန့်အား အမှုတွဲအမှတ်၊ ၁-ရာ/ ကသတ(ထီးတန်း)/၂၀၂၂ (၁၅)ဖြင့် အမှုတွဲဖွင့်လှစ်တားဆီးခဲ့ပါသည်။

**Case Study 13:** ၁၇-၇-၂၀၂၁ ရက်နေ့နှင့် ၂၀-၇-၂၀၂၁ ရက်နေ့တို့တွင် အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ တင်သွင်း/တင်ပို့မှုများအား စိစစ်စုံစမ်းစဉ် AWPT ဆိပ်ကမ်းတွင် Greater Delter Force Co., Ltd မှ တရုတ်နိုင်ငံသို့တင်ပို့မည့် ပို့ကုန်ကြေညာလွှာ ED No. 200068723201(16.7.2021) နှင့် ED No. 200068724450 (16.7.2021) တို့နှင့်ပတ်သက်သည့် အချက်အလက်များအား စိစစ်ရာ ပို့ကုန်ကြေညာလွှာတွင် Green Mung Beans ဟုကြေညာထားပြီး သင်္ဘောကုန်တင်လွှာ(B/L)တွင် Timber ဟုကြေညာထားသည်ကို စိစစ်တွေ့ရှိခဲ့ပါသည်။ အထက်ပါကုန်သေတ္တာ(၄)လုံးအား စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲတာဝန်ရှိသူများနှင့် AWPT ဆိပ်ကမ်းတာဝန်ကျဝန်ထမ်းများဖြင့် AWPT ဆိပ်ကမ်းတွင် အသေးစိတ်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ပို့ကုန်ကြေညာလွှာတွင် ကြေညာထားသည့် Green Mung Beans များ မတွေ့ရှိရဘဲ ကျွန်းသစ်ခွဲသားဆိုဒ်စုံ(၆၁၄)ချောင်း၊ (၅၁.၆၅၅၂)တန် ခန့်မှန်းတန်ဖိုးကျပ် (၁၂၉,၁၃၈,၀၀၀/-)ခန့်အားတွေ့ရှိရပြီး အမှုတွဲအမှတ်၊ ၁-ရာ/ AWPT/၂၀၂၁(၁၈)၊ (၁၉)တို့ဖြင့် အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ တားဆီး/ဖမ်းဆီးခဲ့ပါသည်။ အထက်ပါအမှုတွဲ များအား လိုအပ်သလို ဆက်လက်အရေးယူနိုင်ရေးအတွက် ဖမ်းဆီးရမိသစ်များအား သစ်တော ဦးစီးဌာနသို့ ၇.၉.၂၀၂၁ ရက်နေ့တွင် စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး သစ်တောဦးစီးဌာနမှ ကုမ္ပဏီကိုယ်စား အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ Royal Light Forwarding Agency မှ ဒေါ်မြသက်နွယ်စိုး (၇/သဝတ(နိုင်)၀၆၄၇၉၇)၊ ဖုန်းနံပါတ် ၀၉-၂၅၀၆၄၇၁၃၆ အား အမှုဖွင့်လှစ်ခဲ့သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခေါ်ယူစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ အကောက်ခွန်ဦးစီးဌာနမှ စုံစမ်းထောက်လှမ်း၍ ဖမ်းဆီးခဲ့သော တားဆီး/ဖမ်းဆီးမှုအား သစ်တောဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး သစ်တောဦးစီး ဌာနမှ FIU သို့ သံသယဖြစ်ဖွယ် သတင်းအချက်အလက်များပေးပို့ခဲ့သဖြင့် FIU မှ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှုရှိ/မရှိ စိစစ်နေကြောင်းသိရှိရသဖြင့် အကောက်ခွန်မှ တားဆီး/ ဖမ်းဆီး၍လွှဲပြောင်းပေးခဲ့ပါသည်။

**အကောက်ခွန်ဦးစီးဌာနမှ သက်ဆိုင်ရာဌာနများသို့ ဖမ်းဆည်းပစ္စည်းများ လွှဲပြောင်းပေးပို့ခြင်း**

၅။ အကောက်ခွန်ဦးစီးဌာနမှ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများအား နိုင်ငံဘဏ္ဍာ အဖြစ် သိမ်းဆည်းခဲ့သော ပစ္စည်းများအနက်မှ သက်ဆိုင်ရာဌာနများသို့ လွှဲအပ်ပေးပါသည်။

(ဥပမာ - မူးယစ်ဆေးဝါးနှင့် ၎င်းနှင့်ဆက်စပ်ပစ္စည်းများအား မူးယစ်ရဲတပ်ဖွဲ့သို့လည်းကောင်း၊
သစ်တောနှင့် သစ်တောထွက်ပစ္စည်းများအား သစ်တောဦးစီးဌာနသို့လည်းကောင်း၊
လက်နက်၊ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများအားနီးစပ်ရာစစ်ရုံးများသို့လည်းကောင်း
စသည်ဖြင့်)

**ငွေကြေးခဝါချမှုနှင့် စပ်လျဉ်း၍ ငွေကြေးခဝါချမှုပြုလုပ်နိုင်ရန် ကြိုးပမ်းမှုများအား ဖော်ထုတ်ရရှိမှု အခြေအနေများ**

၆။ အကောက်ခွန်ဦးစီးဌာနသည် တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ သယ်ဆောင်လာသော တရားခံများအား လုံလောက်သောအထောက်အထား၊ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတရာတင်ပြနိုင်ခြင်းမရှိသော ငွေကြေးခဝါချရန်ကြိုးပမ်းမှု အမှု(၃၅)မှု အား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ စစ်ဆေးနိုင်ရန် ပေးပို့ထားခြင်းဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

၇။ အကောက်ခွန်အမှုများသည် တရားဝင်အခွန်ဆောင်ထားသော တင်သွင်း/တင်ပို့ ပစ္စည်းများအပေါ် အသုံးချ၍ အခွန်ပေးဆောင်ရန်မြင့်မားသော (သို့မဟုတ်) ပိတ်ပင်တားမြစ်၊ ကန့်သတ်ပစ္စည်းများ၊ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများအား သိုဝှက်သယ်ဆောင်၍သော်လည်းကောင်း၊ တရားမဝင်လမ်းကြောင်းများမှ အခွန်တိမ်းရှောင်လို၍ (သို့မဟုတ်) တရားမဝင် ပိတ်ပင်တားမြစ်၊ ကန့်သတ်ပစ္စည်းများအား ကြိုတင်ကြံစည်သယ်ဆောင်လို၍သော်လည်းကောင်း၊ တင်သွင်း/တင်ပို့လာသော ကုန်ပစ္စည်းများအပေါ် တန်ဖိုးလျော့၍ပြခြင်းနှင့် တန်ဖိုးအပိုပြခြင်း များအပေါ် စိစစ်ဖော်ထုတ်အရေးယူခြင်း၊ အဆိုပါလုပ်ဆောင်ချက်များအား နိုင်ငံတော်ဘဏ္ဍာငွေ ထိခိုက်ယိုဖိတ်မှုမရှိအောင် ထိထိရောက်ရောက် ဖမ်းဆီးအရေးယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

**သုံးသပ်ချက်**

၈။ အကောက်ခွန်အမှုနှင့်ပတ်သတ်၍ တရားမဝင်လမ်းကြောင်းများမှဖြစ်စေ၊ တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများအား တရားဝင်အခွန်ပေးသွင်းခြင်းအပေါ်အသုံးချ၍ဖြစ်စေ၊ အဆိုပါ ကိစ္စရပ်များမပေါ်ပေါက်စေရေးအတွက် အကောက်ခွန်နှင့်သက်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်း များ၊ ညွှန်ကြားချက်များ၊ အကောက်ခွန်နှင့် ဆက်စပ်လုပ်ဆောင်လျက်ရှိသော အစိုးရအဖွဲ့အစည်း များ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အများပြည်သူများသိရှိစေနိုင်ရန် ပညာပေးမှုများကို လည်းကောင်း၊ Website ပေါ်တွင်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

၉။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်အတွင်းသို့ဖြစ်စေ၊ နိုင်ငံတော်ပြင်ပသို့ ဖြစ်စေ၊ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များ နှင့်အညီ အခွန်အကောက်များ စည်းကြပ်ကောက်ခံခြင်း၊ တရားမဝင် ခိုးဝင်/ခိုးထွက်မှု လမ်းကြောင်း များအား ပိတ်ပင်တားဆီးပြီး အရေးယူဆောင်ရွက်ခြင်း၊ အကောက်ခွန်ဥပဒေလုပ်ထုံးလုပ်နည်း များအား အများသူငှာသိရှိစေရန် တရားဝင်လမ်းမှန်ပေါ်ရောက်ရန် ပညာပေးဟောပြောခြင်း၊ Website ပေါ်တွင်လွှင့်တင်ဖြန့်ဝေစေခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုရှိစေရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခံသည့် ယာဉ်၊ ယန္တရားအစရှိသည့် အသုံးပြုစာရင်းများ

| ပြစ်မှု | ကာလ | နိုင်ငံဘဏ္ဍာသိမ်းဆည်းခြင်း | | မှတ်ချက် |
|---|---|---|---|---|
| | | အရေအတွက် | ခန့်မှန်းတန်ဖိုး(ကျပ်သန်းပေါင်း) | |

ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခံသည့် ယာဉ်၊ ယန္တရားအစရှိသည့် အသုံးပြုစာရင်းများ

| ပြစ်မှု | ကာလ | နိုင်ငံဘဏ္ဍာသိမ်းဆည်းခြင်း | | မှတ်ချက် |
|---|---|---|---|---|
| | | အရေအတွက် | ခန့်မှန်းတန်ဖိုး(ကျပ်သန်းပေါင်း) | |
| အကောက်ခွန် | မတ် | ၃၃ | ၉၀၉.၅၀ | |
| | ဧပြီ | ၅၇ | ၉၈၆.၅၀ | |
| | မေ | ၆၈ | ၉၁၆.၀၁၁ | |
| | ဇွန် | ၅၇ | ၉၂၇.၃၃၃ | |
| | ဇူလိုင် | ၇၅ | ၁၇၈၆.၀၀ | |
| | ဩဂုတ် | ၈၇ | ၃၄၁၁.၀၀ | |
| | စက်တင်ဘာ | ၅၉ | ၂၅၆၄.၅၀ | |
| | အောက်တိုဘာ | ၅၃ | ၁၉၃၃.၀၀၀ | |
| **စုစုပေါင်း** | | **၄၈၉** | **၁၃၄၃၃.၈၄၄** | |